

# အင်မော်တယ်ဖေဖေ

(ကျန်းဟန်)

ဘာသာပြန် စာရေးဆရာ - ကျော်စွာလင်း

စာစဉ် – ၉၆

# အခန်း (၁၀၃၇)

*

"မင်းတို့ ငါတို့နဲ့ ဆက်သွားမနေသင့်ဘူးလို့ ငါထင်တယ်" အကြီးအကဲဟူသည် ထပ်ပြောလိုက်သည်။ "အန်းဟယ်သာ ဒေါသထွက်ပြီး ပြဿနာရှာရင် အနည်းဆုံးတော့ မင်းတို့နှစ်ယောက် ပါဝင်ပတ်သက်မှာ မဟုတ်တော့ဘူးပေါ့"

"ကျုပ်တို့ကို စိတ်မပူပါနဲ့" ကျန်းဟန်သည် ပြန်ဖြေလိုက်သည်။

"အဲဒီလူက ပျံတောင် မပျံတတ်ဘူး။ ရှင်တို့ သူ့ကို ဘာလို့ ကြောက်နေရတာလဲ" မုန့်မုန့်သည် နှာခေါင်းရှုံ့လိုက်သည်။

'ဖွီး...' (သွေးအန်)

'ဒါက နာကျင်စေတာပဲ'

'ငါတို့လည်း မပျံတတ်ဘူး'

အကြီးအကဲဟူသည် "ကောင်မလေး၊ မင်း ပျံသန်းမှုနဲ့ ပတ်သက်ပြီး တစ်ခုခုများ နားလည်မှုလွဲနေသလား" ဟု အလွန် ပြောချင်စိတ် ဖြစ်

ပေါ်လာသည်။

သို့သော် လမ်းတစ်လျှောက်တွင် သူတို့သည် ပျော်ရွှင်သော စကားဝိုင်း တစ်ခု ရှိခဲ့သောကြောင့် အကြီးအကဲဟူသည် ၎င်းကို ကလေးတစ်ယောက်၏ စကားအဖြစ် ယူဆ၍ လျစ်လျူရှုရန် ဆုံးဖြတ်လိုက်သည်။

သူတို့ သစ်တောထဲသို့ လျှောက်ဝင်သွားပြီးနောက် သူသည် မှိန်ဖျော့သော မြူခိုးဖြင့် ဖုံးလွှမ်းနေသော နေရာတစ်ခုကို မြင်ခဲ့သည်။ သူတို့ သုံးမိနစ်ခန့် လျှောက်လှမ်းပြီးနောက် စက်ဝိုင်းပုံ မြေကွက်တစ်ခုသို့ ရောက်ရှိလာခဲ့သည်။

မြေပြင်အထက် ငါးမီတာအကွာတွင် အချင်း (၁၃) မီတာ (၁၄) မီတာရှိသော ပါးလွှာသော မြူခိုးလွှာတစ်ခု ရှိသည်။ စွမ်းအင်သည် ထိုနေရာတွင် စုစည်းနေ၏။

ဤနေရာတွင် လူများစွာ ရပ်နေကြပြီး (၃၀၀)ခန့် ရှိသည်။

အများစုသည် ချီစွမ်းအားစီနီယာများ ဖြစ်ကြသည်။

ဘယ်ဘက်တွင် ကျောက်စင်မြင့်တစ်ခု ရှိပြီး ထိုနေရာတွင် ဆံပင်တိုနှင့် အမျိုးသားတစ်ယောက် ထိုင်နေသည်။ ကြယ်များ ဝန်းရံထားသော လမင်းကဲ့သို့ သူသည် လူ(၂၀)ကျော်ဖြင့် ဘေးချင်းယှဥ်ရပ်နေသည်။

"အဲဒီလူက ထန်မိသားစုရဲ့ ထန်ချင်းရှန်ပဲ"

ထျန်းချင်၏ မျက်နှာသည် တင်းမာသွားပြီး အသံတိုးတိုးဖြင့် ပြောလိုက်သည်။ "သူက ပေကျင်းက မျိုးဆက်သစ်ထဲက ထိပ်တန်းပါရမီရှင်ပဲ။ အသက်(၂၇)နှစ်အရွယ်မှာ သူက ဂူတာအိုမဟာသခင်အဆင့်ကို ချိုးဖျက်တက်လှမ်းခဲ့တယ်။ သူက တရုတ်ပြည်မှာ အဲဒီအဆင့်ကို ရောက်ရှိခဲ့တဲ့ ပထမဆုံးလူတွေထဲက တစ်ယောက်လည်း ဟုတ်တယ်။ သူက အတော်

လေး အင်အားကြီးတယ်"

"ထန်မိသားစုက ပေကျင်းမြို့က မြင့်မြတ်တဲ့ မျိုးရိုးမိသားစုအသစ်တစ်ခုပဲ။ ထန်ချင်းရှန်ရဲ့ မြင့်တက်လာမှုကြောင့် ထန်မိသားစုက ပိုပြီး အရှိန်အဟုန်ပြင်းပြင်းနဲ့ ကြီးထွားလာပုံပဲ"

"ငါကြားတာတော့ ထန်ချင်းရှန်က တော်တော် ကောင်းမွန်တဲ့ စရိုက်ရှိတယ်တဲ့။ ဒါပေမယ့် သူက နည်းနည်း အပျော်အပါးလိုက်စားပြီး လှပတဲ့ အမျိုးသမီးတွေနဲ့ တွဲရတာ ကြိုက်တယ်။ သူက ကျောင်းသူလေးတွေ၊ ထိပ်တန်းအပျော်မယ်တွေ၊ မော်ဒယ်ငယ်တွေ၊ စီအီးအိုတွေနဲ့ အမျိုးသမီး အမျိုးမျိုးနဲ့ တွဲခဲ့ဖူးတယ်။ သူက ပေကျင်းမြို့က နာမည်ကြီးတဲ့ ပလေးဘွိုင်းတစ်ယောက်ပဲ။ လူတိုင်းက သူ မိန်းမလိုက်စားတယ်ဆိုတာ သိကြတယ်။ ဒါပေမဲ့ မရေမတွက်နိုင်တဲ့ အမျိုးသမီးတွေက သူ့အိပ်ရာပေါ်ကို တက်ဖို့ သေမတတ်ဖြစ်နေကြတယ်။ ဘာလို့လဲဆိုတော့..." ထျန်းချင်သည် ရုတ်တရက် ရပ်တန့်သွားသည်။

သူမဆီသို့ လျှောက်လှမ်းလာသော ထန်ချင်းရှန်ကို ကြည့်ရင်း သူမ မျက်ခုံးပင့်လိုက်သည်။

'သူက ငါ့ကို မြင်ပြီးတော့ အခု ငါ့ကို လိုက်ချင်နေတာလား'

"ဒါတွေအားလုံးက ကောလာဟလတွေပါ။ ငါက ပန်းတွေကြားထဲမှာ လျှောက်သွားရင်တောင် အရွက်တစ်ရွက်မှ မထိစေတဲ့ လူစားမျိုးပဲ"

ထန်ချင်းရှန်သည် တိုးတိုးလေး ရယ်မော၍ လျှောက်လာခဲ့သည်။

ဤအချိန်တွင်မှ လူတိုင်းသည် ထိုက်ကျိပထမကျောင်းတော်မှ လူများ ရောက်ရှိလာသည်ကို တွေ့ရှိခဲ့သည်။

ထန်ချင်းရှန် သူတို့ဆီသို့ ဦးတည်သွားသောအခါ လူများစွာသည် သူ့ကို

စိတ်ဝင်တစား ကြည့်လိုက်ကြသည်။

"ကျွန်မ တောင်းပန်ပါတယ်။ ကျွန်မ ခုလေးတင် တခြားတစ်ယောက်ဆီက ကြားခဲ့တာပါ။ ကျွန်မ ရှင့်အကြောင်းကို နောက်ကွယ်မှာ မပြောသင့်ဘူး"

ထျန်းချင်သည် ပြဿနာထဲသို့ မရောက်ချင်သောကြောင့် သူမသည် လက်နှစ်ဖက်ကို ဆုပ်၍ သူ့ကို တောင်းပန်လိုက်သည်။

မဟာသခင်တစ်ယောက်သည် စော်ကားခြင်းကို လက်မခံနိုင်ပေ။ သူမသည် အမှန်တရားကို ပြောနေသော်လည်း ယခု တစ်ဖက်လူက သူမဆီသို့ အရင်လာခဲ့သောကြောင့် သူမသည် သူမနှင့် သူမ၏ ဂိုဏ်းကို မျက်နှာပျက်စေခွင့် မပြုနိုင်ပေ။

"ကောလဟာလမရှိတဲ့ နာမည်ကြီးတစ်ယောက်က နာမည်ကြီးတစ်ယောက် မဟုတ်ဘူးလေ"

ထန်ချင်းရှန်သည် သူမ၏ စကားများကို ဂရုမစိုက်ခဲ့ပေ။ သူသည် ကြင်နာစွာ ပြုံး၍ ထျန်းချင်ကို ဖြတ်ကျော်လျှောက်လှမ်းပြီးနောက် မုန့်မုန့်ရှေ့တွင် နှစ်မီတာအကွာတွင် ရပ်တန့်သွားသည်။

"ဒီကောင်မလေးက အရမ်းလှတယ်"

"ဟမ်"

ကျန်းဟန်သည် အနည်းငယ် မျက်ခုံးပင့်လိုက်သည်။

သူသည် သူ့ကို လေထဲသို့ လက်သီးတစ်ချက်ဖြင့် ပို့လွှတ်ရန် စဥ်းစားလိုက်သည်။

"ဒီစကားတွေ ဖန်တရာတေနေပြီ။ လူတိုင်းက ကျွန်မကို အဲဒီလို ပြောကြတာပဲ" မုန့်မုန့်သည် မျက်နှာနီရဲသွားခြင်းမရှိဘဲ မော့ကြည့်လိုက်သည်။

"အမ်…"

သူမ၏ စကားများသည် ထန်ချင်းရှန်ကို ဆွဲ့အ၍ စိတ်ပျက်အားငယ်သွားစေသည်။

"မင်းရဲ့ အလှကို ချီးကျူးစကားလုံးတွေနဲ့ ဖော်ပြလို့မရဘူး။ ဥပမာ၊ လူတွေက ငါ့ကို ချောမောတယ်၊ ကျက်သရေရှိတယ်၊ ခန့်ညားတယ်၊ ဂုဏ်သိက္ခာရှိတယ်၊ ယဉ်ကျေးတယ်၊ ပြီးတော့ ထူးခြားတဲ့ ကိုယ်ရည်ကိုယ်သွေးရှိတဲ့လူဆိုတဲ့ စကားလုံးတွေနဲ့ ဖော်ပြကြတယ်။ ဒါတွေက တကယ်တော့ သိပ်ပြီးတီထွင်ဖန်တီးမှုမရှိဘူး၊ ဒါပေမဲ့ စကားလုံးကောင်းတွေက အရေအတွက်အကန့်သတ်အရှိတယ်လေ…"

"ဘယ်သူပြောလဲ။ ချီးကျူးစကားလုံးတွေ အများကြီး ရှိသေးတယ်" မုန့်မုန့်သည် ခွန်းတုံ့ပြန် ပြောဆိုလိုက်သည်။

"မင်းမှာ တခြားဘာတွေ ရှိသေးလဲ။ မင်း ငါ့ကို ဝါကျတစ်ကြောင်းနဲ့ ဖော်ပြကြည့်ပါလား" ထန်ချင်းရှန်သည် စိတ်ဝင်စားသွားသည်။ သူသည် မုန့်မုန့်ကို ပြုံး၍ ကြည့်လိုက်ပြီး ကျန်းဟန်ကို လုံးဝ လျစ်လျူရှုလိုက်သည်။

'ဒီလှပတဲ့ကောင်မလေးက အရမ်းချစ်စရာကောင်းရမယ်။ ငါ နောက်ဆုံးတော့ အချိန်ဖြုန်းဖို့ တစ်ယောက်ယောက်ကို တွေ့ပြီ'

သို့သော် သူသည် မှားယွင်းသော ပစ်မှတ်ကို ရွေးချယ်ခဲ့ပုံရသည်။

လူတိုင်း၏ အကြည့်အောက်တွင် မုန့်မုန့်သည် နှစ်စက္ကန့်ခန့် စဉ်းစားပြီးနောက် နောက်ဆုံးတွင် သူမ၏ မှတ်ချက်ကို ပြောလိုက်သည်။

"ရှည်လျားသော တန်ဆောင်းရဲ့အပြင်ဘက်… ရေးဟောင်းလမ်းဘေးတွင်… လတ်ဆတ်သော မြက်ပင်များ ကောင်းကင်သို့…"

"အဟမ်း…"

ကျန်းဟန်၏ နှုတ်ခမ်းထောင့်သည် တုန်ခါသွားသည်။ သူသည် ရယ်မောချင်စိတ်ကို မထိန်းနိုင်တော့ပေ။

အခြားသူများသည်လည်း ကြောင်အမ်းသွားကြသည်။

ဤမှတ်ချက်က ဘာအဓိပ္ပာယ်လဲ။

"..."

ကွင်းပြင်တစ်ခုလုံးသည် တိတ်ဆိတ်သွားသည်။ သို့သော် စက္ကန့်အနည်းငယ်အကြာတွင်—

လူများသည် ၎င်းကို သေသေချာချာ စဥ်းစားကြည့်သောအခါ အားလုံးထိတ်လန့်သွားကြသည်။

မူရင်းကဗျာ၏ နောက်ဆုံးစာကြောင်းသည် ‘လတ်ဆတ်သော မြက်ပင်သည် ကောင်းကင်သို့ ဆန့်တန်းနေသည်’ ဟူ၍ ဖြစ်သည်။ သို့သော် ကောင်မလေးသည် တမင်တကာ "ဆန့်တန်းနေသည်" ကို ဖြတ်တောက်လိုက်၏။ (တရုတ်ဘာသာစကားတွင် "ဆန့်တန်းနေသည်" ကို ဖြတ်တောက်သည်ဟူသော စကားစုသည် "အရှက်မရှိ" ဟူသော စကားအသံထွက်နှင့် ဆင်တူသည်)

သောက်ကျိုးနည်း။

ထန်ချင်းရှန်၏ မျက်နှာသည် ရှက်ရွံ့မှုကြောင့် မည်းမှောင်သွားပြီဖြစ်သည်။

"ကဗျာကောင်းပဲ"

တစ်စုံတစ်ယောက်က ဘယ်ကမှန်းမသိဘဲ အော်ပြောလိုက်သည်။

ထန်ချင်းရှန်၏ မျက်နှာသည် ပို၍ မည်းမှောင်သွားသည်။

"ကောင်မလေး၊ မင်းရဲ့ မှတ်ချက်က နည်းနည်း နှလုံးကြေကွဲစရာပဲ။

ဒါပေမဲ့ အရေးမကြီးပါဘူး။ ငါ မင်းကို ခွင့်လွှတ်တယ်။ ချောမောလှပတဲ့ ကောင်မလေးကလည်း ချောမောလှပတဲ့ကောင်မလေးပဲလေ။ မင်းက ငါ့ရဲ့ ခွင့်လွှတ်မှုနဲ့ ထိုက်တန်တယ်။ ငါက သိပ်မကြာသေးခင်က အပျော် သက်သက်အနေနဲ့ ရုပ်ရှင်ဒါရိုက်တာအလုပ်ကို လုပ်ခဲ့တယ်။ မင်းက အရမ်း လှတယ်၊ မင်းက ဇာတ်ညွှန်းထဲက ဇာတ်ကောင်တစ်ယောက်အတွက် လိုက်ဖက်တဲ့လူပဲ။ မင်း ရိုက်ကူးရေးလုပ်ဖို့ အချိန်ရှိလား။ ငါ မင်းကို ကလေးသရုပ်ဆောင်တစ်ယောက် ဖြစ်အောင် လုပ်ပေးရင်ကော"

ဤအကြောင်းကို ပြောရင်း သူ စီးပွားရေးကတ်ပြားတစ်ခု ထုတ်ပြလိုက် သောအခါ ထန်ချင်းရှန်၏ မျက်နှာသည် ပုံမှန်သို့ ပြန်ရောက်သွားသည်။

သို့သော် သူသည် ၎င်းကို မပေးမီ —

"လုခိုင်"

မုန်တိုင်းဘုရင် အန်းဟယ်သည် ရှေ့မှ လျှောက်လှမ်းလာပြီး လူခုနစ် ယောက်ခန့် နောက်မှ လိုက်လာခဲ့သည်။ သူတို့ထဲမှ တစ်ယောက်သည် အသက် (၁၅) နှစ် (၁၆) နှစ်အရွယ်ခန့် ရှိသည်။ သူသည် လုခိုင်ကို မြင်သည် နှင့် အော်ဟစ်လိုက်သည်။

"ငါ အရင်တစ်ခါ မင်းကို မနိုင်ခဲ့ဘူး။ အခု ထပ်တိုက်ကြရအောင်"

ပွဲကြီးပွဲကောင်းတစ်ခု စတင်တော့မည်။

ဘေးပတ်လည်မှ လူရာပေါင်းများစွာသည် အားလုံး စိတ်လှုပ်ရှားနေ ကြ၏။

ထန်ချင်းရှန်ပင် စကားပြောခြင်းကို ရပ်တန့်သွားသည်။ သူသည် လှည့်၍ ပြပွဲကို ကြည့်ရန် ရည်ရွယ်လိုက်သည်။

အန်းဟယ်နှင့် သူ၏ လူသည် ခက်ထန်ကြမ်းတမ်းသော အမူအရာဖြင့်

လျှောက်လှမ်းလာခဲ့သည်။

သူနှင့် အကြီးအကဲဟူသည် သူတို့၏ မျက်လုံးထဲမှ အကြည့်ဖြင့် အချင်းချင်း စိန်ခေါ်နေကြပြီ ဖြစ်သည်။

သို့သော် သူသည် ပိုနီးကပ်လာသောအခါ ရုတ်တရက် သူ၏ မျက်စိထောင့်မှ တစ်စုံတစ်ခုကို မြင်လိုက်သည်။

"အမ်..."

သူသည် အနီးကပ်ကြည့်လိုက်သည်။

"ယီးတဲ့မှ" အန်းဟယ်သည် ရုတ်တရက် ပြောလိုက်သည်။

"မင်း ဘယ်သူ့ကို ဆဲနေတာလဲ"

အကြီးအကဲဟူ၏ မျက်လုံးများသည် ဒေါသဖြင့် ပြူးကျယ်လာခဲ့သည်။

"ငါ ကြောက်နေမယ်လို့ မင်း တကယ်ကြီး ထင်နေတာလား"

လူနှစ်အုပ်စုသည် ဤမျှ ကြမ်းတမ်းပြီး တွေ့ဆုံသည်နှင့် ဆဲဆိုလိမ့်မည်ဟု မည်သူမျှ မမျှော်လင့်ခဲ့ပေ။

စိတ်ကူးကြည့်နိုင်သည်မှာ—

တစ်ခဏအတွင်းမှာပင် မြေပြင်တစ်ခုလုံးကို သွေးလွှမ်းသွားလိမ့်မည် မဟုတ်ပေဘူးလား။

"ကောင်လေး အရမ်းမောက်မာမနေနဲ့"

အကြီးအကဲဟူသည် သူ့လက်သီးများကို ဆုပ်၍ သတိပေးလိုက်သည်။ "မာကျောလွန်းတဲ့ သံမဏိက ကျိုးလွယ်တယ်။ မင်း စပြီးပွဲဦးထွက်တာ နှစ်အနည်းငယ်ပဲ ရှိသေးတယ်"

သူ ဆိုလိုသည်မှာ သူ နောက်တစ်လှမ်းမှ မဆုတ်ဘူးဟူ၍ ဖြစ်သည်။

ၵင်းက လေထုကို အနည်းငယ် ဖိစီးပြီး တင်းမာသွားစေသည်။

"သူတို့ တကယ် တိုက်တော့မယ်"

မုန်တိုင်းဘုရင်သည် သူ၏ ခြေလှမ်းများကို သိသိသာသာ အရှိန်မြှင့်လိုက်သည်ကို မြင်သောအခါ လူတိုင်း၏ နှလုံးသားသည် ပိုမိုမြန်ဆန်စွာ ခုန်လာသည်။

သူတို့ ရှေးဟောင်းအမွေအနှစ်ထဲသို့ မဝင်မီ တိုက်ပွဲကြီးတစ်ခု ဖြစ်ပွားတော့မည်လား။

လူတိုင်းကို အံ့အားသင့်စေသည်မှာ အန်းဟယ်သည် ကြမ်းတမ်းသောအရှိန်အဝါတစ်ခုမျှ ထုတ်လွှတ်ခြင်းမရှိပေ။ သူ လျှောက်လှမ်းလာသည်ကိုမြင်သောအခါ အကြီးအကဲဟူပင် တိုက်ခိုက်ရန် ပြင်ဆင်လိုက်သည်။ သို့သော် မမျှော်လင့်ဘဲ သူသည် အကြီးအကဲဟူနှင့် ငါးမီတာအကွာသို့ ရောက်ရှိချိန်တွင် ရုတ်တရက် ဘေးဘက်သို့ လျှောက်သွားသည်။

"ဟမ်"

'သူ့ရဲ့ ဒီလှုပ်ရှားမှုက ဘာအဓိပ္ပာယ်လဲ'

'မင်း ငါ့ကို လျစ်လျူရှုလိုက်တာလား'

အကြီးအကဲဟူ၏ သတ်ဖြတ်လိုစိတ်သည် ဆူပွက်နေပြီး သူ၏ သွေးကြောများသည် ဖောင်းကားနေသည်။ သူသည် အတော်လေး ဒေါသထွက်နေပုံရသည်။

"စီနီယာ" အန်းဟယ်သည် ရုတ်တရက် ခေါ်လိုက်သည်။

သူသည် ကျန်းဟန်နှင့် ဆယ်မီတာကျော်အကွာတွင် ရှိနေစဉ် သူ့လက်များကို ခေါက်၍ အလွန် လေးစားရိုသေသော လေသံဖြင့် ပြောလိုက်သည်။

"ကျွန်တော် အန်းဟယ်၊ စီနီယာ့ကို အရိုအသေပြုပါတယ်။ စီနီယာ့ကို

ဒီမှာ တွေ့ရတာ အရမ်းဂုဏ်ယူမိပါတယ်"

"ရှူး..."

မရေမတွက်နိုင်သော ပင့်သက်ရှိုက်သံများကို ကြားနိုင်ပေသည်။

'အန်းဟယ် ဘာလုပ်နေတာလဲ'

ထန်ချင်းရှန်၏ မျက်လုံးများပင် အံ့အားသင့်မှုဖြင့် ပြည့်နှက်နေသည်။

သူသည်လည်း အန်းဟယ်ကို သိသည်။ သူသည် အလွန် ဉာဏ်ကောင်းသော်လည်း အနည်းငယ် မောက်မာသည်။ သူသည် လူအများရှေ့တွင် ဤသို့ ခေါင်းငုံ့ခဲ့ဖူးသလား။

လူအုပ်သည် တဖြည်းဖြည်း တိတ်ဆိတ်သွားသည်။

"ရှင် ကျွန်မအဖေကို သိလား" မုန့်မုန့်သည် စူးစမ်းစွာ မေးလိုက်သည်။

"အမ် ဟင့်အင်း မသိပါဘူး"

"ဒါဆို ရှင် ဘာလို့ သူ့ကို နှုတ်ဆက်ရတာလဲ" မုန့်မုန့်သည် ထပ်မံ ဖိအား ပေးလိုက်သည်။

အန်းဟယ်သည် အနည်းငယ် ရှက်ရွံ့သွားသော်လည်း သူသည် သူ့ တည်ငြိမ်မှုကို ပြန်လည်ရယူ၍ ပြုံးကာ ပြောလိုက်သည်။

"သိုင်းလောကမှာ အင်အားကြီးတဲ့သူတွေက အမြဲတမ်း လေးစားခံရ တယ်။ မင်းအဖေက အလွန်အမင်း အင်အားကြီးတဲ့အတွက် ကျုပ် သူ့ကို တွေ့တဲ့အခါ စည်းမျဉ်းအရ သူ့ကို နှုတ်ဆက်ရတယ်"

-အခန်း(၁၀၃၇)ပြီး

***